

# EITI AWARD

# အတွက် တင်သွင်းသော အစီရင်ခံစာ

ဘဏ္ဍာရေးအကြပ်အတည်းများရှိခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်
ရှားပါးခြင်း၊ စသည့် အခက်အခဲပေါင်းများစွာကို ကျော်လွှား၍
အချိန်တိုအတွင်း နိုင်ငံတကာ EITI လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို
ဖြည့်စွမ်းနိုင်ခဲ့သည့် နိုင်ငံအနေဖြင့်အသိအမှတ်ပြုရန် အဆိုပြုခြင်း

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၊ မေလ (၁၄) ၂၀၁၉

*photo credit: Hkun Lat for NRGI*

## မြန်မာနိုင်ငံ သယံဇာတတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍ၏ နောက်ခံသမိုင်း

မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတများပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကုန်းတွင်း နှင့် ကမ်းလွန်ဒေသများ၏ ရေနံနှင့်သဘာဝဓါတ်ငွေ့၊ သတ္တုမျိုးစုံ၊ အဖိုးတန်ကျောက်မျက်ရတနာများနှင့် ကျောက်စိမ်းများ၊ ကျွန်းသစ်နှင့် အခြားအဖိုးတန်သစ်များထွက်ရှိခြင်း၊ ရေအားလျှပ်စစ်နှင့်ပတ်သက်၍ အလားအလာကောင်းများ ရှိခြင်းသာမက သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပျက်စီးလျက်ရှိပါ သည်။

သို့ပါသော်လည်း မြန်မာနိုင်ငံသည် ဝင်ငွေအနိမ့်ကျဆုံးနိုင်ငံအဆင့်သို့ ၁၉၈၇ ခုနှစ်တွင်ကျရောက်ခဲ့ပြီး ကတည်းကပင် ယနေ့ထက်တိုင် နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းသည် အနွမ်းပါးဆုံးအဆင့်တွင်သာရှိ နေကာ ၂၀၁၈-၂၀၁၉ ခုနှစ်၏ GDP မှာ US$ 69.32 ဘီလျံရှိပြီး အိမ်နီးချင်း ဗီယက်နမ် နိုင်ငံ၏ GDP မှာ US$ 223.9 ဘီလီယံရှိသည့်အတွက် မြန်မာနိုင်ငံ၏ တိုးတက်နှုန်းအလားအလာကောင်းများစွာရှိနေပါ သည်။

သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ အစိုးရအတွက် အရေးပါသော ဝင်ငွေကို ရှာဖွေပေးနေသောကဏ္ဍကြီးဖြစ်ပါသည်။ နိုင်ငံတော်ဘတ်ဂျက်၏ အဓိကဝင်ငွေကို နိုင်ငံပိုင် သယံဇာတများ ထုတ်ယူသုံးစွဲသည့် စီးပွားရေးအဖွဲ့အစည်းများမှ အခွန်နှင့် အခွန်မှအပ အခြားဝင်ငွေများမှ အများဆုံးရရှိပါသည်။ သို့သော်လည်း ရရှိသည့်ဝင်ငွေများကို ဖြန့်ဝေရာတွင်မူ နှစ်ပေါင်းများစွာအစိုးရ အဆက်ဆက်မှ ပြည်သူ့ဘဏ္ဍာ ရေးဆိုင်ရာစီမံခန့်ခွဲမှုမှာ ဒေသအတွင်းတွင် အနိမ့်အကျဆုံးအဆင့်မှ အချို့်တိုအတွင်းတွင် အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုစီးပွားရေးကဏ္ဍများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ကို လုပ်ဆောင်ရာတွင် စီမံခန့်ခွဲမှုအား ဦးဆောင်ရသည့်အဖွဲ့အစည်းများ၏ လုပ်ကိုင်နိုင်စွမ်း အကန့်အသတ်ရှိနေမှုနှင့် ဥပဒေများခိုင်မာမှုမရှိသည့် အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖော်ဆောင်ရာတွင် နှောင့်နှေးစေပါသည်။ ထိုသို့ ကြီးမားသော စိန်ခေါ်မှုများစွာရှိနေသော်လည်း အခွင့်အလမ်းများလည်း ရှိနေပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံသည် အာရှတိုက်၏ GDP အတိုးတက်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ် နေပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များတွင် တိုးတက်နှုန်း ပျမ်းမျှ ၆.၈ ရာခိုင်နှုန်းခန့် နှစ်စဉ်တိုးတက် နေပါသည်။

## အုပ်ချုပ်မှုစနစ်ပြုပြင်ပြောင်းလဲခြင်းနှင့်စိန်ခေါ်မှုများ

နှစ်ပေါင်း ၅၀ ခန့် စစ်အာဏာရှင်စနစ်အောက်တွင် နေထိုင်ခဲ့ရသည့် ပြည်သူများအနေဖြင့် တွင်းထွက် သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကို သိရှိခွင့်မရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းအပြင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလမှစတင်၍ အစိုးရတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ယင်းအပြောင်း အလဲသည် မြန်မာပြည်သူများအတွက် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာစိန်ခေါ်မှုများရင်ဆိုင်ဖြေရှင်းနိုင်သည့်အကောင်းဘက်မှ နောက်ဆုံးပြောင်းလဲမှု တစ်ခုလည်းဖြစ်နိုင်ပါသည်။ လက်ရှိ အစိုးရ၏ ဆောင်ပုဒ်ဖြစ်သည့် " ပြောင်းလဲချိန်တန်ပြီ" ဆိုသည့်အတိုင်း

စိန်ခေါ်မှုများကြုံတွေ့ ရသော်လည်း တိုးတက်မှုများကိုလည်း တွေ့ရပါသည်။ ဆိုးဝါးလှသည့် စစ်အုပ်ချုပ်ရေး ကာလများ နှစ်များစွာ ခံခဲ့ရပြီးသည့်နောက် ပြည်သူများ၏အစိုးရအပေါ် မျှော်လင့်ချက်များ ကလည်း အမြင့်ဆုံးဖြစ်လို့နေပါသည်။

လက်ရှိအစိုးရ ရင်ဆိုင်နေရတဲ့ အဓိကအခက်အခဲက ပြည်ထောင်စုအစိုးရ နဲ့ လက်နက်ကိုင်အဖွဲ့အစည်း အမျိုးမျိုးတို့အကြား ကာလရှည်ကြာငြိမ်းချမ်းရေးရယူဖို့ပဲဖြစ်ပါတယ်။ လက်ရှိအစိုးရအသစ်အနေနဲ့ နှစ်ပေါင်းများစွာ အခြေတည်လာတဲ့ပြဿနာတွေကို ဖြေရှင်းဖို့ရန်အတွက် စီးပွားရေး၊ နိုင်ငံရေး နှင့် အုပ်ချုပ်မှုပိုင်း ဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ရမှာ ဖြစ်ပါတယ်။ ယင်းပြုပြင်ပြောင်းလဲမှု များ အောင်မြင်ရန်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာတော်တော်များများကို လက်ဆုပ်လက်ကိုင် ရရှိထားတဲ့ တပ်မတော်ရဲ့ ပူးပေါင်းပါဝင်မှုတွေလိုအပ်ပါတယ်။ အစိုးရအနေဖြင့် တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး နှင့် ပြည်နယ် (၁၄) ခုလုံးရှိ လုပ်ပိုင်ခွင့် အာဏာခွဲဝေပေးခြင်း ကိုလည်း ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ အဓိကအငြင်းပွားဖွယ်ဖြစ်နေတဲ့ ကိစ္စရပ်တွေကတော့ သယံဇာတအရင်း အမြစ်များ နှင့် အခွန်ဘဏ္ဍာခွဲဝေခြင်းတို့ဖြစ်ပါတယ်။ သယံဇာတအရင်းအမြစ်များကို မည်ကဲ့သို့ စီမံခန့်ခွဲသလဲ နှင့် အခွန်ဘဏ္ဍာခွဲဝေခြင်းတို့နဲ့စပ်လျဉ်းပြီး ရေရှည်ဖြေရှင်းနည်းကို ရှာဖွေခြင်းက လက်နက်ကိုင်တိုက်ပွဲတွေကို အဆုံးသတ်စေမယ့် နိုင်ငံရေးပြေငြိမ်းခြင်းကို အောင်မြင်စေမယ့် အဓိကအချက်ပဲဖြစ်ပါတယ်။

မြန်မာကျပ်တန်ဖိုးလျော့ကျခြင်း နှင့် ရေနံ နှင့် သဘာဝဓါတ်ငွေ့တို့၏ အခွန်ဘဏ္ဍာလျော့ကျလာခြင်းက ဘဏ္ဍာရေးဆိုင်ရာအခက်အခဲကို ပိုတိုးပွားစေပါတယ်။ ရေနံ နှင့် သဘာဝဓါတ်ငွေ့တို့၏ အခွန်ဘဏ္ဍာငွေများ အတက်အကျရှိခြင်းက အစိုးရ၏ စုစုပေါင်းအခွန်ဘဏ္ဍာတွေအပေါ်မှာ သိသာထင်ရှားတဲ့ အကျိုးသက်ရောက်မှု ဖြစ်စေသလို အစိုးရ၏ အသုံးစရိတ်အစီအစဉ်များ နှင့်/သို့မဟုတ် ပြည်သူ့ကြွေးမြီအပေါ်မှာလည်း သက်ရောက်မှု ဖြစ်စေပါတယ်။ ရေနံ နှင့် သဘာဝဓါတ်ငွေ့ကဏ္ဍမှ ရရှိမည့် အစိုးရ၏အနာဂတ်အခွန်ဘဏ္ဍာငွေဟာ မသေချာသလို အသစ်ရှာဖွေတွေ့ရှိမှုများရှိလာပါက အချိန်ကြာလာသည်နှင့်အမျှ ဝင်ငွေတိုးတက်လာ မည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် မကြာသေးမီက ရေနံ နှင့် သဘာဝဓါတ်ငွေ့များအား အသစ်ရှာဖွေတွေ့ ရှိထားပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်းကိုလည်း ကြေငြာထားပါသည်။ သို့သော်လည်း ရေနံ နှင့် သဘာဝဓါတ်ငွေ့စီမံကိန်းများဟာ ထုတ်ယူသည့်အဆင့်ရောက်ရှိရန် အချိန်ကြာသလို အစိုးရအနေဖြင့် အခွန်ဘဏ္ဍာငွေအမြောက်အမြားကို မရရှိမီ ကနဦးကုန်ကျစရိတ်များအရင် ရရှိအောင် ဆောင်ရွက်ရပါသည်။ ယင်းအတွက်ကြောင့် အစိုးရအနေဖြင့် ရေနံ နှင့် သဘာဝဓါတ်ငွေ့ကဏ္ဍမှ အခွန်ဘဏ္ဍာငွေများ ရရှိမှု သိသိသာသာတိုးတက်လာစေရန်မှာ အချိန်အတော်ကြာဦးမည်ဖြစ်ပါသည်။

## ၂၀၁၆ ခုနှစ်တွင် MEITI ပြန်လည်အသက်ဝင်လာခြင်း

ယင်းရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းရန်အတွက် မြန်မာအစိုးရအနေဖြင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် သမ္မတအမိန့်နံပါတ် ၉၉/၂၀၁၂ ဖြင့် EITI လုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ မက်ဆီကိုနိုင်ငံတွင် ကျင်းပသည့် EITI ဘုတ်အဖွဲ့အစည်း အဝေးတွင် မြန်မာနိ်ုင်ငံ အား အဖွဲ့ဝင်လောင်းနိုင်ငံအနေဖြင့် လက်ခံခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် EITI ဘုတ်အဖွဲ့ မှ မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်အား ၂၀၁၆ EITI စံနှုန်းအရ အကဲဖြတ်ဆန်းစစ်ခြင်းကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စတင်မည်ဖြစ်ကြောင်း သဘောတူခဲ့ပါသည်။

ငွေသားမဟုတ်သည့် ပစ္စည်းဖြင့် ပေးချေမှုများ (In-kind payments) ၊ သယံဇာတကဏ္ဍတွင် နိုင်ငံတော်၏ ပါဝင်မှုများ နှင့် ခွဲခြားဖော်ပြသည့် ထုတ်လုပ်မှု နှင့် တင်ပို့မှုဆိုင်ရာ ကိန်းဂဏန်းများအပါအဝင် သယံဇာတဆိုင်ရာ အခွန်ဘဏ္ဍာငွေများအား ထုတ်ဖော်ပြသနိုင်ခြင်း နှင့် ပထမဦးဆုံးအနေဖြင့် အများပြည်သူရရှိ လက်လှမ်း မီနိုင်သည့်အတွက် MEITI အစီရင်ခံစာများအား သမိုင်းမှတ်တိုင်များအဖြစ် သတ်မှတ်နိုင်ပါသည်။

မြန်မာနိ်ုင်ငံတွင် EITI လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းဖြင့် ပြည်ထောင်စုအစိုးရနှင့် တွင်းထွက်သ ယံဇာတကဏ္ဍ စီမံအုပ်ချုပ်မှုတွင် အောက်ပါအကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

- အစိုးရအနေဖြင့် နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် ပွင့်လင်းမြင်သာမှုစံနှုန်း ကိုလိုက်နာခြင်းဖြင့် ကတိကဝတ်ပြုခြင်းမှသည် ပြုပြင်ပြောင်းလဲမှု နှင့် အကျင့်ပျက်တိုက်စားမှု ကိုတိုက်ဖျက်ခြင်းတို့ဖြင့် အခွန်ကောက်ယူခြင်းလုပ်ငန်းစဉ်တွင် တိုးတက်ပြောင်းလဲမှုဆီသို့ ဦးတည်သွားနိုင်ခြင်း

- ကုမ္ပဏီများအားလုံးအနေဖြင့် တူညီသည့်အချက်အလက်များကို ဖွင့်ဟ ဖော်ထုတ်စေခြင်းဖြင့် ၎င်းတို့အား သာတူညီမျှသည့်နယ်ပယ်တွင် ဆောင်ရွက်ခွင့်ရရှိစေပါသည်။ ထို့အပြင် တိုးတက်ပြီး ပိုမိုတည်ငြိမ် လာသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်မှ တဆင့် အကျိုးအမြတ်ရ ရှိစေနိုင်ပါသည်။

- နိုင်ငံသားများ နှင့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ၎င်းကဏ္ဍနှင့်စပ်လျဉ်းသည့် ယုံကြည်ရသည့် သတင်းအချက်အလက်များရရှိသလို သုံးပွင့်ဆိုင်ပလက်ဖောင်းမှတဆင့် အစိုးရနှင့် ကုမ္ပဏီများ၏ တာဝန်ခံမှုကို ပိုမိုကောင်းမွန်စေနိုင်ပါသည်။

MEITI လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်မှာ ယင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်နေသည့် အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရ နှင့် ပုဂ္ဂလိကကဏ္ဍအတွင်း ကောင်းမွန်ပြီး ယုံကြည်နိုင်သည့် ဆက်သွယ်ရေး လမ်းကြောင်းများ တည်ဆောက်ရန်၊ အများပြည်သူအနေဖြင့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီသင့်တော်စွာ ရရှိနိုင်ခြင်း နှင့် အကျိုးဆက်စပ်ပတ်သက်သူများ နှင့် အများပြည်သူ အကြား အပြန်အလှန်ဆွေးနွေးခြင်း နှင့် စကားစစ်ထိုးပွဲများဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း နှင့် သယံဇာတများတူးဖော်

ထုတ်လုပ်ခြင်းဖြင့် ရရှိလာသည့် လူမှုရေး နှင့် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ အပေါ် ပြည်သူလူထု၏ သိနားလည်မှုကို တိုးတက်စေခြင်း တို့ဖြစ်ပါသည်။

## မီးမောင်းထိုးပြနေသည့်အချက်များ - သတ္တု၊ ရေနံ နှင့် သဘာဝဓါတ်ငွေ့

မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် သတ္တုသိုက်အများစုတွင် ရွှေ၊ ကြေးနီ၊ ငွေ၊ ခဲ၊ သံ၊ သံဖြူဓါတ်စင်၊ မန်ဂနိ နှင့် ခနောက်စိမ်း နှင့် စက်မှုကုန်ကြမ်းဆိုင်ရာသတ္တုများဖြစ်သည့် ဘိလပ်မြေ၊ ရွှံ့စေး၊ ထုံးကျောက်၊ ဆား အစရှိသည်) နှင့် စွမ်းအင်ကဏ္ဍဖြစ်သည့် ကျောက်မီးသွေး နှင့် ယူရေနီယံ သတ္တုဒြပ်စင် နှင့် ကျောက်မျက် (ကျောက်စိမ်း၊ နီလာ၊ ပတ္တမြား အစရှိသည်) တို့ ပါဝင်သည်ကို တွေ့ရှိရပါသည်။ ယင်းသတ္တုအရင်းအမြစ်များရှိသည့်အတွက် နိုင်ငံတကာမှ သတ္တုကုမ္ပဏီများအနေဖြင့်လည်း ရင်းနှီးမြှပ်နှံရန် စိတ်ဝင်စားလျက်ရှိပါသည်။

ယင်းကဲ့သို့ ဘူမိဗေဒဆိုင်ရာ မတူးဖော်ရသေးသည့် အရင်းအမြစ်များ ကြွယ်ဝခြင်းကြောင့် သတ္တုကဏ္ဍ သည် နိုင်ငံ၏ လာမည့်နှစ်များတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည့် အားသာချက်များထဲမှ တစ်ခုဖြစ်နေပါသည်။ သတ္တုကဏ္ဍတွင် ကြေးနီက အကြီးဆုံးတင်ပို့ကုန်ပစ္စည်း အနေဖြင့်ရှိနေပြီး ရွှေ၊ သံ နှင့် သံမဏိ၊ ထုံးကျောက်နှင့် စက်မှုကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းသုံး အဖြစ်ထုတ်လုပ်လျက်ရှိ ပါသည်။ သတ္တု နှင့် ကျောက်မျက်ကဏ္ဍ အနေဖြင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာစိန်ခေါ်မှုများကိုရင်ဆိုင်နေ ရခြင်းသည် ၎င်းကဏ္ဍမှ နိုင်ငံ့စီးပွားရေးကဏ္ဍကို အထောက်အကူပြုမှုများအား နည်းပါးစေပါသည်။ ဘူမိဗေဒဆိုင်ရာ နောက်ဆုံးရသတင်းအချက် အလက်များ မရှိခြင်းသည် မြောက်များလှစွာသော မတူးဖော်ရသေးသည့် ကျောက်မျက် နှင့် သတ္တုအရင်းအမြစ်များရှိ နေသည်ကို အသိအမှတ်  ပြုသော်လည်း နိုင်ငံ၏ ရင်းနှီးမြှပ်နှံမှုများကို ဆွဲဆောင်မှုတွင် အကန့်အသတ်ဖြင့် ရှိနေပါသည်။ အခြားတစ်ဘက်တွင်လည်း ပြင်ဆင်မွမ်းမံထားသည့် သတ္တုဥပဒေကို ၂၀၁၅ ခုနှစ်တွင် အတည်ပြုခဲ့ပြီး ယင်းသည် ထုတ်လုပ်မှုခွဲဝေခြင်းအချိုးထက် အကျိုးအမြတ်ခွဲဝေခြင်းအပေါ် အလေးထားခဲ့ပါ သည်။ ယင်းဥပဒေအရ အကျိုးတူဆောင်ရွက်သည့်ကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ဆန်းစစ်ခြင်း (EIA) ကိုဆောင်ရွက်ရန် ကတိကဝတ်ပြုရပြီး စီမံကိန်းဆောင်ရွက်မည့်နေရာတွင် လူမှုရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများပါဝင်သည့် ကနဦးဆန်းစစ်လေ့လာခြင်းကို ဆောင်ရွက် ရမည်ဖြစ်ပါသည်။ ပြန်လည်ထူထောင်မည့်နေရာအတွက် လုံလောက်စွာ ဖော်ပြထားခြင်းမရှိသေး  သော်လည်း ယင်းကုမ္ပဏီများ အနေဖြင့် ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာရံပုံငွေ နှင့် သတ္တုတွင်းပိတ်သိမ်းရန် နှင့် ပြန်လည်ထူထောင်မှု အတွက် ရံပုံငွေများ တည်ထောင်ရန်လိုအပ်ပါသည်။ MEITI အနေဖြင့် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း၍ သတ္တု နှင့် ကျောက်စိမ်းကျောက်မျက်ဆိုင်ရာ လိုင်စင်စနစ်များအတွက် Mining and Gemstone Cadastre System ကို ဆောင်ရွက်လျက်ရှိပါသည်။

ရေနံ နှင့် သဘာဝဓါတ်ငွေ့ကဏ္ဍအနေဖြင့် မြန်မာနိုင်ငံအနေဖြင့် ရေနံတင်ပို့ခြင်းကို ၁၈၅၃ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့သက်တမ်းအရင့်ဆုံးရေနံထုတ်လုပ်သည့် နိုင်ငံများတွင် ပါဝင်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်ခန့်ကျော်မှ စတင်၍ ထုတ်လုပ်မှုပမာဏများတိုးလာခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံများထဲတွင် ဒုတိယမြောက် အကြီးဆုံး သဘာဝဓါတ်ငွေ့ထုတ်လုပ်သည့် နိုင်ငံအနေဖြင့် ရပ်တည်နေပါသည်။

**မြန်မာနိုင်ငံတွင် MEITI လုပ်ငန်းစဉ်တိုးတက်လာခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု နှင့် စီမံအုပ်ချုပ်မှုတို့တွင် အားလုံးပါဝင်စေခြင်း နှင့် ပူးပေါင်းပါဝင်စေခြင်း**

***၁။ MEITI လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း***

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် နိုင်ငံအတွက် ထားရှိသည့် ဖွံ့ဖြိုးရေးမျှော်မှန်းချက်များကို ထည့်သွင်းရေးဆွဲထားပြီး တစ်ချိန်တည်းမှာပင် ၎င်းရည်မှန်းချက်များကို အပြည်ပြည်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် လိုက်လျောညီထွေစွာ ဖော်ပြထားပါသည်။ ဗဟိုအစိုးရအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များ အနေဖြင့် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတစ်ခုဖြစ်လာရန် ဖော်ဆောင်ရာတွင် ဤစီမံကိန်းမှ ဘက်စုံပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ခုအဖြစ် ဆောင်ရွက်ပေး မည်ဖြစ်ပါသည်။ စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် မူဝါဒများ နှင့် အဖွဲ့အစည်းများအကြား အပြန်အလှန် ညီညွတ်မှုရရှိရေး ရည်ရွယ်ချက် အပေါ် အခြေခံ၍ ပြုပြင်ပြောင်းလဲမှု များအား ရှင်သန်တက်ကြွလာစေရန် နှင့် လုပ်ငန်းစဉ်များကို ရဲဝံ့စွာ ဆောင်ရွက်နိုင်ရန်အတွက် MSDP ကို ရေးဆွဲထားခြင်းဖြစ်ပါသည်။

MSDP ကို မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခု နှင့် လုပ်ငန်းအစီအစဉ် ၂၅၁ ခုတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ယင်းအချက်များအားလုံးသည် နိုင်ငံတော်၏ စီးပွားရေး မူဝါဒ ၁၂ ချက်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (SDG) များ၊ မဲခေါင်ဒေသတွင်း မဟာဗျူဟာမူဘောင်၊ အာဆီယံ စီးပွားရေး အသိုက်အဝန်း နှင့် အခြားသော ဒေသတွင်း ကတိကဝတ်သဘောတူညီချက်များနှင့် ကိုက်ညီမှုရှိပါသည်။ MEITI လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းသည် MSDP ၏ မဏ္ဍိုင် (၃) - ပြည်သူများ နှင့် ကမ္ဘာမြေ၊ ပန်းတိုင် (၅) - နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်၊ မဟာဗျူဟာ ၅.၅ - သဘာဝအရင်းအမြစ်များ၏ အကျိုးအမြတ်များကို ပြည်သူအားလုံးရရှိခံစားရစေရေးအတွက် မြေယာစီမံခန့်ခွဲမှု နှင့် သယံဇာတ အခြေပြုလုပ်ငန်းများ ၏ ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုတို့ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ရည်ညွှန်းနံပါတ် ၅.၅.၄ - EITI အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံများအတွက်

သတ်မှတ်ထားသော လိုအပ်ချက်များ ပြည့်မီစေရန် လိုအပ်သော ကိစ္စရပ်များကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် ဆိုသည့် အချက် နှင့် SDG ၏ ဦးတည်ချက် ၁၂.၂ တို့ဖြင့် ကိုက်ညီစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာအစိုးရအနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတဆင့် EITI လုပ်ငန်းစဉ်ကို အကောင်အထည် ဖော်ရာတွင် တက်ကြွစွာဖြင့် ဦးဆောင်လျက်ရှိပါသည်။ အစိုးရမှ MEITI ဦးဆောင်ကော်မတီ နှင့် MEITI လုပ်ငန်းကော်မတီဟူသည့် အဖွဲ့ (၂) ဖွဲ့အား EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုအား အထောက်အကူ ပြုရန်အတွက် ဖွဲ့စည်းထားပါသည်။ အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၁၆ ဖြင့်ဖွဲ့စည်းထားသည့် MEITI ဦးဆောင်ကော်မတီတွင် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီး (၃) ပါးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီးတို့ပါဝင်ပြီး EITI အုပ်ချုပ်မှုပိုင်းဆိုင်ရာ အမြင့်ဆုံးအဖွဲ့ အနေဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် MEITI လုပ်ငန်းကော်မတီကို EITI လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသည့် သက်ဆိုင်ရာအစိုးရဌာနများ နှင့် အေဂျင်စီများမှ ညွှန်ကြားရေးမှူးချုပ် နှင့် ညွှန်ကြားရေးမှူးအဆင့်ရှိ အရာရှိ (၁၇) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ EITI အစီရင်ခံစာတွင်ပါဝင်သည့် ဌာနဆိုင်ရာများအနေဖြင့် အစီရင်ခံတွင် ထည့်သွင်းဖော်ပြရန်လိုအပ်သည့် သတင်းအချက်အလက်များအား ထုတ်ပြန်ပေးနိုင်ရန် အတွက် ယင်းကော်မတီများမှ ညွှန်ကြားပေးလျက်ရှိပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင်လည်း နီးနီးကပ်ကပ်ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

EITI လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် မူဝါဒပိုင်း ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် အရေးကြီးသောအထောက်အကူများပေးနိုင်သည့် MEITI အစီရင်ခံစာများမှ ရရှိထားသော အကြံပြုမှတ်ချက်များအပေါ် အလျင်အမြန် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအတွက်ကြောင့် EITI လုပ်ငန်းစဉ် နှင့် SDGs တို့အကြား လိုက်ဖက်သည့်ရည်ရွယ်ချက်များ တော်တော် များများရှိနေသလို EITI လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းသည်လည်း SDG ၏ ရည်ရွယ်ချက်များ နှင့် ဦးတည်ချက်များ တော်တော်များများကို အထောက်အကူပြုပေးလိမ့်မည်ဟု ယုံကြည်ပါသည်။

### ၂။ *အစိုကအကျိုးဆက်စပ်ပတ်သက်သူများအကြား ထိရောက်စွာ ချိတ်ဆက်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်မီသည့် MEITI အစီရင်ခံစာများ နှင့် အကောင်အထည် ဖော်မည့်အစီအစဉ်များ ထွက်ရှိလာခြင်း*

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်အထိ MEITI အစီရင်ခံစာပေါင်း (၄) အုပ်အထိ ထွက်ရှိပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကို လွှမ်းခြုံသော ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထွက်ရှိခဲ့သလို ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တို့ကို လွှမ်းခြုံသော ဒုတိယ နှင့် တတိယအကြိမ်

အစီရင်ခံစာများကို ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တို့တွင် အချိန်မီထုတ်ပြန်နိုင်ခဲ့ပါသည်။ အစီရင်ခံစာတိုင်းတွင် အစီရင်ခံခြင်းလုပ်ငန်းစဉ်ကို တိုးတက်ကောင်းမွန်စေရန် နှင့် နိုင်ငံ၏ သဘာဝသယံဇာတစီမံအုပ်ချုပ်မှုကို ပိုမိုခိုင်မာအားကောင်း လာစေရန်တို့အတွက် အကြံပြုတိုက်တွန်းချက်များ ရရှိထားပါသည်။ ယင်းအစီရင်ခံစာ များတွင် တွင်းထွက်သယံဇာတ ကုမ္ပဏီများမှ အစိုးရဌာနများ (သို့) နိုင်ငံပိုင်စီးပွားရေးအ ဖွဲ့အစည်းများ သို့ ပေးသွင်းသည့် အခွန်ဘဏ္ဍာစီးဆင်းမှုများကို ရှင်းလင်းတင်ပြသထားသလို ယင်းဘဏ္ဍာငွေများ ကို နိုင်ငံတော်၏ဘက်ဂျက်သို့ မည်ကဲ့သို့မှတ်တမ်းတင်ထည့်သွင်းထားသည်တို့ကိုပါ တင်ပြထားသည့် အတွက် ပြည်သူလူထုကို ရှင်းလင်းတင်ပြရာ၌ အကျိုးရှိလှပါသည်။ ထို့အပြင် ယင်းအစီရင်ခံစာများတွင် တွင်းထွက်သယံဇာ တကဏ္ဍအပေါ် ထိန်းချုပ်ထားသည့် ဥပဒေမူဘောင်များ နှင့် ဆောင်ရွက်လျက်ရှိ သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုပါ ပြည့်ပြည့်စုံစုံဆွေးနွေးတင်ပြထားပါသည်။

MEITI အစီရင်ခံစာအရ တွင်းထွက်သယံဇာတမှ အခွန်ဘဏ္ဍာငွေများ၏ ၇၉% ကျော်မှာ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ ကောက်ခံရရှိထားပြီး ၎င်းတို့၏ အခြားစာရင်းရှင် (Other Account) ထဲသို့ ရောက်ရှိနေသည်ကို တွေ့ရပါသည်။

၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်နောက်ပိုင်း၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅၄၇/၂၀၁၂ ဖြင့် UFA (OA) အကောင့်များကို တရားဝင်ဖွင့်ခွင့်ပေးခဲ့ပါသည်။ ယင်းအချိန်မှစတင်၍ SEES နှင့် OA အကောင့်များကို ဖွင့်လှစ်ခဲ့ကြပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်အရ SOEs (OA) များသည် ပြည်ထောင်စု ရံပုံငွေ၏ တစ်စိတ်တစ်ပိုင်းဖြစ်သဖြင့် ပြည်ထောင်စုဘက်ဂျက်တွင် ပါဝင်ကြောင်းသိရှိရပါသည်။

အစိုးရမှ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးမှုများနှင့်စပ်လျဥ်း၍ သိသာထင်ရှားသည့် တိုးတက်မှုအနေဖြင့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်မှာ နိုင်ငံတော်ပိုင စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှု အစီအစဉ်အားလုံး ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း UFA-SEE Account တစ်ခုတည်းဖြင့်ဆောင်ရွက်ရမည်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ရငွေများအားလုံး ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း UFA-SEE Account သို့ပေးသွင်း၍ အသုံးစရိတ်များ အားလုံးကိုလည်း ပြည်ထောင်စု၏ အရအသုံးမှန်းခြေငွေစာရင်း ခွင့်ပြုလျာထားငွေ ဘောင်အတွင်း UFA-SEE Account မှပင် ကျခံသုံးစွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊

၃၀-၉-၂၀၁၉ ရက်နေ့ရှိ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း UFA-OA လက်ကျန်တွင် ပါဝင်သော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစာရင်း (မှတ်တမ်းတင်ရန်

နှင့် ဆောင်ရွက်မှုအတွက်သာ) (Non-Budget) များကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ဆေးအတည်ပြုချက်ရရှိပြီးပါက UFA-SEE Account သို့ စာရင်း ပြောင်းနည်းဖြင့် ပြောင်းရွှေ့၍ လျာထားဆောင်ရွက်ရန်ဖြစ်ပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးအတည်ပြုချက် ရရှိပြီးသည့် ကျန်ရှိသော UFA-OA လက်ကျန်အားလုံးကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြ၍ နိုင်ငံတော်စာရင်း (ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း) သို့ စာရင်းပြောင်းရွှေ့ ညှိနှိုင်းရမည်ဖြစ်ပြီး UFA-OA Account များဖွင့်လှစ်ထားခြင်းကိုလည်း စာရင်းရှင်းလင်းပိတ်သိမ်းရေးေ ဆာင်ရွက်ရမည်ဖြစ်ပါသည်။

သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို အထောက်အကူပြုသည့် အသုံးစရိတ်များလျာထားရန် လိုအပ်ပါသည်။

ယင်းပြောင်းလဲမှုများသည် EITI အစီရင်ခံစာကို ဘဏ္ဍာငွေရရှိမှုနှင့်စပ်လျဉ်း၍ ပြည့်စုံသည့်အခြေအနေ ကို ဖန်တီးပေးသလို ကိန်းဂဏန်းအချက်အလက်များ၏ ယုံကြည်စိတ်ချနိုင်မှုကိုလည်း ပိုမိုရရှိစေနိုင်ပါ သည်။

### ***၃။ အုပ်ချုပ်မှုပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှု - ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု***

၂၀၁၁ ခုနှစ်တွင် ရွေးကောက်ခံအစိုးရတက်လာပြီးနောက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေး နှင့် စီးပွားရေးရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အရှိန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ အခွန်ဘဏ္ဍာဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းအပါအဝင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုများ တိုးတက် ကောင်းမွန်လာခြင်း သည် ယင်းလုပ်ငန်းစဉ်၏ အဓိကအချက်ဖြစ်ပြီး ဈေးကွက်စီးပွားရေး စနစ်ကို ရောက်ရှိစေရေး ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို ပံ့ပိုးဖော်ပေးခြင်း၊ ပွင့်လင်းမြင်သာသော စီမံခန့်ခွဲရေးစနစ်ကို တိုးတက်ကောင်းမွန်လာစေခြင်း၊ အစိုးရအဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပေးခြင်း နှင့် ငြိမ်းချမ်းရေးတို့ကို ရရှိစေပါသည်။ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုအား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းမှာ ဆောင်ရွက်လျက်ရှိပြီး အောင်မြင်နိုင်ရေးမှာ အဖွဲ့အစည်းနှင့်နိုင်ငံရေး ရပ်တည်ချက်များအပေါ် အများကြီးမှီခိုနေပါသည်။ ယင်းတို့ကို ရင်ဆိုင်ကျော်လွှားရန်မှာ အခက်အခဲပေါင်းများစွာ ရှိနေပါသေးသည်။

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို စီးပွားရေးနှင့်လူမှုရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးမူဘောင် (FESR) အတွင်း ဆောင်ရွက်လျက်ရှိပြီး ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည့်အတွက် ပိုမိုပွင့်လင်းမြင်သာမှုဆီသို့ ဦးတည်နေသည့် အပေါင်းလက္ခဏာပြောင်းလဲမှုများလည်းရှိပါသည်။ ယင်းတို့အနက်မှ သိသာ ထင်ရှားသော ကနဦးလုပ်ဆောင်ချက်များ နှင့် စိန်ခေါ်ချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

ပထမအချက်အနေဖြင့် ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုဘက်ဂျက်ဥပဒေကို အတည်ပြုနိုင်ခဲ့ပြီး ပြည်သူ့ငွေစာရင်းကော်မတီ နှင့် အမျိုးသားအဆင့် စီမံကိန်း နှင့် ဘဏ္ဍာရေးကော်မတီတို့ကို ဖွဲ့စည်းနိုင်ခြင်းတို့ကြောင့် အများပြည်သူအတွက်သုံးစွဲမှုများအပေါ် ပြည်သူလူထုအတွင်း ဆွေးနွေး ငြင်းခုံခြင်းများ (Public Debate)

ကိုဆောင်ရွက်နိုင်ခဲ့သလို လွှတ်တော်၏ ကြီးကြပ်မှုကိုလည်း အားကောင်းစေပါသည်။ ဒုတိယအချက်အနေဖြင့် ငွေတိုက်ဦးစီးဌာနအား ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် ဖွဲ့စည်းနိုင်ခဲ့ပြီး ၎င်း၏အဓိကမူဝါဒမှာ ငွေကြေးစီမံခန့်ခွဲမှုစနစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန နှင့် အဖွဲ့အစည်းများအတွက် ရေတိုငွေကြေးတွက်ချက်မှုကို ဦးစားပေးဆောင်ရွက်ခြင်း နှင့် ငွေတိုက်လက်မှတ်များလေလံပစ်ခြင်းကို ကောင်းမွန်လာစေခြင်း နှင့် အစီရင်ခံတင်ပြခြင်းပုံစံအား ခေတ်မီတိုးတက်အောင်ဆောင်ရွက်နိုင်ရေး တို့အတွက်ခေတ်မီဖွံ့ဖြိုးတိုး တက်သည့် အများပြည်သူဆိုင်ရာငွေကြေးစီမံခန့်ခွဲသည့် စနစ် ပေါ်ထွက်လာစေရေး ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုဘက်ဂျက်ခိုင်မာအားကောင်းလာစေရေး နှင့် အများပြည်သူ ဆိုင်ရာငွေကြေးစီမံခန့်ခွဲမှုစနစ်တစ်ခု သတ်မှတ်ဖော်ထုတ်နိုင်ရေးဖြစ်ပါသည်။ အစိုးရ အနေဖြင့် ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် စတင်အသက်ဝင်လာသည့် အခွန်ထမ်းကြီးများရုံး (Large Taxpayer Office- LTO) ကို တည်ထောင်ပြီး အခွန်ဘဏ္ဍာကောက်ခံမှုတိုးပွားစေ ရေးဆောင်ရွက် လျက်ရှိပြီး ၎င်းတို့မှလည်း အခြေခံအခွန်ကောက်ခံသည့် စနစ် ဖြစ်သော အခွန်ထမ်းကိုယ်တိုင် စည်းကြပ် သည့်စနစ် (Taxpayer Self-assessment) နှင့် အခွန်ထမ်းမှတ်ပုံတင်နံပါတ် (Taxpayer identification numbers- TIN) တို့ကို အသုံးပြုနေပြီဖြစ်ပါသည်။ ယင်းအပြောင်းအလဲကြောင့် အစိုးရအနေဖြင့် အခွန်ငွေကောက်ခံရာတွင် တိုးမြှင့်ရရှိနေပြီး အဂတိလိုက်စားမှုကို လျှော့ချပေးပြီးဖြစ်ပါသည်။ တတိယအချက်အနေဖြင့် လွတ်လပ်သောဗဟိုဘဏ် (Independent Central Bank) ကို တည်ထောင်ရန် ကြိုးပမ်းလျက်ရှိသည့်အတွက် ကိုယ်ပိုင်လုပ်ပိုင်ခွင့်ကိုရရှိပြီး အစိုးရထံမှ အာဏာခွဲခြားထား သည့် ဗဟိုဘဏ်ဥပဒေ အသစ်ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် စတင်ကျင့်သုံး ခဲ့ပါသည်။ ထို့အပြင် အကောင်းဘက်အနေဖြင့်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ နိုင်ငံတကာကြွေးမြီ ထက်ဝက်ကျော်မှာ လျော်ပြီးဖြစ်သလို အဓိကနိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာအဖွဲ့စည်းများနှင့် ဆက်ဆံမှုမှာလည်း ပုံမှန်အတိုင်း ရောက်ရှိသွားပြီးဖြစ်ပါသည်။ စတုတ္ထအချက်အနေဖြင့် ပြည်သူ့ကြွေးမြီစီ မံခန့်ခွဲမှုဥပဒေ (Public Debt Management Law) ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် အတည်ပြုခဲ့ပြီး မြန်မာအစိုးရအနေဖြင့် ပြည်ထောင်စုဘက်ဂျက်ဥပဒေ အရ Treasury Bonds များကို ထုတ်ပေးခွင့်ရရှိပြီး ဖြစ်ပါသည်။ နောက်ဆုံးအချက်အနေဖြင့် မြန်မာနိုင်ငံအနေဖြင့် သယံဇာတကဏ္ဍရှိ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ပေးနိုင်ရန်သာမက ပိုမိုကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ရောက်ရှိစေရေးအတွက် EITI စံနှုန်းများကို လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပြီးဖြစ်ပါသည်။

• မြန်မာနိုင်ငံ၏ စီးပွားရေး နှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်၍ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ဆောင်ရွက်မှု၏ အရေးပါမှု - ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုသည်မှာ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် စီးပွားရေးမူဝါဒ ဦးစားပေးများနှင့်အညီ ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်သူ့ဘဏ္ဍာရန်ပုံငွေ စာရင်း ပွင့်လင်းမြင်သာမှု၊ ဘဏ္ဍာရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု ဘက်ဂျက်နှင့် ထိရောက်မှုရှိသော အစိုးရ

အသုံးစရိတ်စီမံခန့်ခွဲမှု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှု၊ မဟာဗျူဟာမြောက် အရင်းအမြစ်ခွဲဝေချထားမှု နှင့် ရငွေစုစည်းမှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

- ပင်စင်စနစ်ပြုပြင်ပြောင်းလဲရန်လိုအပ်ခြင်း ။ နိုင်ငံ့ဝန်ထမ်းဥပဒေအရ နိုင်ငံ့ဝန်ထမ်းများကို လစဉ်လစာခံစားခွင့်အပြင် အငြိမ်းစားပင်စင်ခံစားခွင့်ကိုပါ နိုင်ငံတော်အစိုးရမှ တာဝန်ယူဆောင်ရွက်ပေး လျက်ရှိပါသည်။ လက်ရှိတွင် ပင်စင်အသုံးစရိတ်များအား နှစ်အလိုက် ရသုံးမှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲလျက်ရှိရာ နိုင်ငံတော်ဘက်ဂျက်တွင် ပင်စင်လစာအတွက် ဖြစ်ပေါ်နေသည့် ဝန်ထုပ်ဝန်ပိုး လျော့ကျစေရန် နှင့် ရေရှည်တွင် ရန်ပုံငွေလုံလောက်၍ မျှတသော ပင်စင်စနစ်ဖြစ်ပေါ် လာစေရန် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ပင်စင်စနစ်များနည်းတူ ပင်စင်ရန်ပုံငွေတစ်ရပ် ထူထောင်ရန်လို အပ်ပါသည်။ သင့်လျော်သည့် စီမံအုပ်ချုပ်မှု အစီအမံများဖြင့် အဆိုပါပင်စင်စနစ် လေ့လာထူထောင်ရန် ရည်ရွယ်ပါသည်။ (တွင်းထွက် သယံဇာတ တူးဖော်ရေး လုပ်ငန်းကဏ္ဍရှိ နိုင်ငံတော်၏ ရှယ်ယာများထဲမှ အနာဂတ်အတွက်ကြိုတင်စီမံ ထားသောရန်ပုံငွေ (Provident Fund) တည်ထောင်ထားရန် အားပေး တိုက်တွန်းသင့်ပါသည်။)

- ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်၏ ပထမအဆင့် (၂၀၁၂-၂၀၁၇) အတွက် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ ပြီး ဖြစ်သကဲ့သို့ ဒုတိယအဆင့် (၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ) အတွက် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်လည်း ပထမအဆင့်တွင် ရရှိခဲ့ပြီးဖြစ်သည့် အောင်မြင်မှုများအပေါ် အခြေခံဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤပြုပြင်ပြောင်းလဲရေးအစီအစဉ် သည် ပြည်တွင်းအခွန်များဦးစီး ဌာနအား ခေတ်မီပြီး ပွင့်လင်းမြင်သာမှုရှိသည့် အခွန်ဌာနတစ်ခုအဖြစ် အခွန်ထမ်းပြည်သူများများ အပါအဝင် နိုင်ငံသားတိုင်း ယုံကြည်ကိုးစားနိုင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် ပြည်သူများ အနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်ပြီးမျှတမှုရှိသည့် အခွန်စနစ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်လာခြင်း၊ အခွန်ဆိုင်ရာမူဝါဒများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နည်းပညာအသစ်များ ပိုမိုအသုံးပြုလာနိုင်ခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ တိုးတက်လာခြင်း၊ အခွန်စည်းကြပ်မှုစနစ်အသစ်များဖြစ်ထွန်းလာခြင်း၊ ဝန်ဆောင်မှုများ တိုးတက်လာခြင်း၊ အခွန်များပိုမို ကောက်ခံရရှိနိုင်ခြင်းစသည်တို့ ဖွံ့ဖြိုး တိုးတက်လာနိုင်မည် ဖြစ်ပါသည်။

- ပြည်သူ့ဘဏ္ဍာငွေဆိုင်ရာ ကိန်းဂဏန်းများအား အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်ကွပ်ကဲနိုင်ရန် Core Banking စနစ်နှင့် ဘဏ်လုပ်ငန်းများ၌ ကွန်ပျူတာစနစ်များအသုံးပြု ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ပင်စင်ပေးသည့် စနစ်အစား နိုင်ငံတကာနည်းတူ ပင်စင်ရန်ပုံငွေထူထောင်၍ ရေရှည်ရန်ပုံငွေလုံလောက်ပြီး မျှတသောပင်စင်စနစ်သို့ ပြောင်းလဲ ဆောင်ရွက်ရန် လိုအပ်ပါသည်။

• ပြည်သူ့ဘဏ္ဍာငွေဆိုင်ရာ ကိန်းဂဏာန်းများအား အချိန်နှင့်တပြေးညီ ထိန်းချုပ်ကွပ်ကဲနိုင်ရန် နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေစာရင်းများအား လက်တွေ့ထိန်းသိမ်းဆောင်ရွက်နေရသည့် မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတကာဘဏ်လုပ်ငန်းဆိုင်ရာ Core Banking စနစ်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ပထမအဆင့်အနေဖြင့် နိုင်ငံတကာအကြံပေး Deloitte Consultant ကိုငှားရမ်းခန့်အပ်ကာ (၂၆.၄.၂၀၁၆) ရက်နေ့မှ စတင်၍ Core Banking စနစ်အတွက် လိုအပ်သော နည်းပညာဆိုင်ရာအကူအညီများ၊ Core Banking စနစ်နှင့် ကိုက်ညီသော Design Software အသုံးပြုမှုဆိုင်ရာ သင်တန်းများ နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝင်လာစေရေးအတွက် သင်တန်းများပေးခဲ့ ပါသည်။

• နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးအခြေအနေများ ပွင့်လင်းမြင်သာမှုရှိရေး၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘက်ဂျက်တွင်ပါဝင်မှု အခန်းကဏ္ဍကို သင့်လျော် သည့်ပုံစံဖြင့် သုံးသပ်ဆောင်ရွက်ခြင်း

• ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အကယ်ဒမီသင်တန်းကျောင်းဖွဲ့စည်းတည်ထောင်ခြင်း၊ ရေရှည်တည်တံ့ သော ပင်စင်စနစ်ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း။

### *၄။ နိုင်ငံတော်မှပါဝင်မှုများအတွက် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ခြင်း*

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် ပြည်သူလူထုအားလုံးမှ ပိုင်ဆိုင်ပြီး မည်သည့်နိုင်ငံတွင်မဆို အရေးပါသည့် အင်အားတစ်ရပ်ဖြစ်ပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ (အများအားဖြင့် သယံဇာတတူးဖော်ရေးလုပ်ငန်းများ) သည် နိုင်ငံတော် ရငွေစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ခန့်အား နှစ်စဉ်ရှာဖွေပေးလျက်ရှိရာ ယင်းလုပ်ငန်းများသည် အထူးအရေးပါ ပေသည်။ ၁၉၈၉ ခုနှစ်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဥပဒေအရ ယင်းစီးပွားရေးလုပ်ငန်းများသည် စီးပွားရေးကဏ္ဍအမျိုးမျိုးတွင် တစ်ဦးတည်းချုပ်ကိုင်ခွင့်နှင့် လွတ်လပ်စွာ ရရှိနေပါသည်။ ၂၀၁၂ ခုနှစ်မှစပြီး ပြည်ထောင်စုအစိုးရမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ စီးပွားရေးဆန်ဆန်ဆောင်ရွက် လာနိုင်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်လာနိုင်စေရန် ရည်ရွယ်ကာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ထိုကဲ့သို့ ဆောင်ရွက်ခဲ့ရာတွင် နှစ်ပေါင်းများစွာ အမြစ်တွယ်ကာ အားနည်းလျက်ရှိသော တာဝန်ယူ တာဝန်ခံမှု နှင့် ကြီးကြပ်ကွပ်ကဲမှု တိုးတက်စေရန် နှင့် စပ်လျဉ်းပြီး ပြုပြင်ပြောင်းလဲမှုများ ယခုအချိန်အထိ မရှိသေးပေ။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် လိုက်လျောညီထွေမှုရှိစွာ စွမ်းဆောင်မှုရှိရှိဆောင်ရွက်နိုင်ရေး အတွက် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ဘဏ်၊ ယူအက်စ်ငွေတိုက် (US Treasury) အဖွဲ့ နှင့် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း (Myanmar Development Institute) တို့ဖြင့်ပူးပေါင်း၍ SOEs များ၏

ကြီးကြပ်ရေးတာဝန်ကို ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိပါတယ်။ SOEs များ၏ အကျိုးအမြတ်ဖြစ်ထွန်းနိုင်မှု၊ ဘဏ္ဍာရေးဆိုင်ရာရေရှည်တည်တံ့နိုင်မှု နှင့် လူမှု စီးပွားရေးဆိုင်ရာအကျိုး သက်ရောက်မှုများမှာ အဓိကဆောင်ရွက်မည့်အချက်များဖြစ်ပါတယ်။ ယင်းကြိုးပမ်းအားထုတ်မှုများ၏ နောက်ဆုံးရလဒ်အနေဖြင့် SOEs များ၏ ပြုပြင်ပြောင်းလဲမှု နှင့် ခိုင်မာအားကောင်းလာစေရန်အတွက် မှန်ကန်သောမူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်နိုင်မည်ဖြစ်သလို သင့်လျော်သလို ၎င်းတို့အား ကော်ပိုရေးရှင်းများ (သို့) ပုဂ္ဂလိကပိုင်များ အဖြစ် ပြုပြင်ပြောင်းလဲမည်ဖြစ်ပါတယ်။ နောင်လာမည့်နှစ်များ အတွင်း အစိုးရ၏ ဘက်ဂျက်စာရင်းတွင် SOEs များ၏ ကုန်ကျစရိတ် ဝန်ထုတ်ဝန်ပိုးကိုလျှော့ချရန်အပြင် မြန်မာပြည်သူပြည်သားများအတွက် ပိုမိုကောင်းမွန်သည့် လူမှုရေး နှင့် စီးပွားရေးဆိုင်ရာ အကျိုးရလဒ်များကို ရရှိအောင်ဆောင်ရွက်မည်ဟူ သည့် ရှင်းလင်းတိကျသော ရည်ရည်ချက်တစ်ခုရှိနေပါသည်။ ထို့အပြင် မြန်မာ EITI လုပ်ငန်းစဉ်သည် အစိုးရ၏ လက်ရှိဆောင်ရွက်နေသည့်ပြုပြင်ပြောင်းလဲရေးအစီအစဉ် နှင့် တိုက်ရိုက်ချိတ်ဆက် နေသော တွင်းထွက်သယံဇာတကဏ္ဍရှိ SOEs များ၏ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရန် တွန်းအားပေးလျက်ရှိပါသည်။ မဝေးတော့သည့်အနာဂတ်ကာလတွင် အစိုးရအနေဖြင့် မြန်မာ့ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (Myanmar Oil and Gas Enterprise - MOGE) အား အမျိုးသားအဆင့် ရေနံကုမ္ပဏီ (National Oil Company- NOC) အဖြစ် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

## ၅။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု *(Beneficial Ownership- BO)*

မြန်မာနိုင်ငံ၏ အပြောင်းအလဲဖြစ်စဉ်တွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုထုတ်ဖော်ရေးသည် အုပ်ချုပ်ရေးနှင့် စီးပွားရေးကဏ္ဍတွင် မရှိမဖြစ်အရေးပါလာပြီဖြစ်သည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆို သည်ကို ၂၀၁၆ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ချိန်မှအစပြု၍ EITI စံနှုန်းအများနှင့်အတူ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှုတာဝန်ခံမှုရှိခြင်း၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း၊ ပြည်တွင်းပြည်ပရင်းနှီး မြှုပ်နှံ မှုများအတွက် မျှတခြင်း၊ လေ့လာအကဲဖြတ်ခြင်း နည်းလမ်းများဖြင့်လည်း ကောင်းမွန်သော အစိုးရ တစ်ရပ်အားကောင်းလာစေရန်လည်း ဆောင်ရွက်လျက်ရှိ ပါသည်။

ရေရှည်တွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ စီးပွားရေး လုပ်ငန်းများအတွက် မျှတသော ယှဉ်ပြိုင်မှုဖန်တီးပေးရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှုများ အားကောင်းရေးစသည်တို့အတွက် ရည်ရွယ်ရေး့ရှုထားပါသည်။

၂၀၁၇ မတ်လ (၃၁) ရက်နေ့တွင် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့မှ BO လုပ်ငန်းစဉ်အကောင်အထည် ဖော်ရန်အတွက် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေး လုပ်ငန်းစဉ် စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို ထောက်ရှုလမ်းညွှန်ထားသည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုလုပ်ငန်း လမ်းပြမြေပုံကို အတည်ပြုပေးခဲ့ပါသည်။

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ (Beneficial Ownership Task Force) ကို ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်ကိုလည်း ချမှတ်နိုင်ခဲ့ပါသည်။ အဆိုပါ အဖွဲ့ဝင်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့၊ နိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့နှင့်အတူ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍမှ ကိုယ်စားလှယ်အချို့တို့ပါဝင်ဖွဲ့စည်းထားပါသည်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု လုပ်ငန်းစဉ်ကို ဦးဆောင်ဦးရွက်ပြုလျက်ရှိပြီး နောင်တချိန်တွင် မြန်မာကုမ္ပဏီ အွန်လိုင်းစနစ် (Myco Database) တွင် ထည့်သွင်းဖော်ပြနိုင်ရန် မျှော်လင့်ပါသည်။

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကုမ္ပဏီအချို့နှင့် ရှေ့ပြေးစမ်းသပ် အချက်အလက် ဖော်ထုတ်ခြင်းကို ၂၀၁၈ ခုနှစ်တွင် အကောင်အထည်ဖော်နိုင်ခြင်းသည်လည်း အောင်မြင်မှုမှတ်တိုင်တစ်ခု ဖြစ်ပါသည်။ အဆိုပါကနဦးလုပ်ငန်းစဉ်တွင် ရေနံ နှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ၊ သတ္တုကဏ္ဍ နှင့် ကျောက်စိမ်းကျောက်မျက်ကဏ္ဍတို့မှ ကုမ္ပဏီအချို့မှ ပူးပေါင်းပါဝင်ပေးခဲ့ပြီး ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာအချက်အလက်များ နှင့် တရားဝင်ပိုင်ဆိုင်မှုအချက်အလက်များကို ထုတ်ဖော်ပေးခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် EITI ဥပဒေမထွက်ရှိသေးမီ မြန်မာကုမ္ပဏီဥပဒေ ၂၀၁၇၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ၂၀၁၄ နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ၂၀၁၃ တို့သည် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ သဘောတရားများကို မိတ်ဆက်ပေးခဲ့ကြပါသည်။

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုထုတ်ဖော်ရေးလုပ်ငန်းသည် မကြာမီကာလတစ်ခုတွင် တိုင်းပြည်အတွက် အရေးပါသော ကဏ္ဍတွင် ရောက်ရှိနေရာယူပြီး နိုင်ငံတော်၏ အရေးကြီးသော မူဝါဒများချမှတ်ရာတွင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုအောင်မြင်စေရန် နည်းပညာ၊ ဘဏ္ဍာရေး၊ ဥပဒေရေးရာဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတကာမှ ပံ့ပိုးပေးမှုများလည်း ဖိတ်ခေါ်ရန် ဆန္ဒပြုတိုက်တွန်းလိုက်ရပါသည်။

## နိဂုံး

မြန်မာနိုင်ငံ EITI အဖွဲ့အနေဖြင့် သက်ဆိုင်ရာအကျိုးဆက်စပ်ပတ်သက်သူများအားလုံးနှင့် ထိရောက်စွာချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ကဏ္ဍအသီးသီးမှ အကျိုးဆက်စပ်ပတ်သက်သူအစုအဖွဲ့ များအကြားချိတ်ဆက်ဆောင်ရွက်မှုပိုမိုအားကောင်းလာပြီး အရည်အသွေးပြည့်မီသည့် အစီရင်ခံစာများ ထွက်ရှိခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ပဥ္စမအကြိမ်မြောက် MEITI အစီရင်ခံစာ အချိန်မီထွက်ရှိရေး

ပြင်ဆင်ဆောင်ရွက်လျက်ရှိသလို အစည်းအဝေးများ နှင့် အလုပ်ရုံဆွေးနွေးပွဲ များလည်း ဆက်တိုက်ကျင်းပလျက်ရှိကာ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးအဖွဲ့ (Beneficial Ownership Taskforce) နှင့်လည်း ပူးပေါင်း၍ တွင်းထွက်သယံဇာတကဏ္ဍရှိ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှုကို ဖွင့်ဟဖော်ထုတ်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးအမိန့် ထွက်ရှိရေး နှင့် အချက်အလက်များဖြည့်သွင်းရမည့် BO Template Form ကိုပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း နှင့် တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများသို့ လွှဲပြောင်းပေးရေးကြိုးပမ်းချက်အား အထောက်အကူပြုနိုင်မည့် တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ငန်းညှိနှိုင်းရေးအဖွဲ့များ (Sub-national Units- SNUs) ကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းဒေသကြီး နှင့် ပြည်နယ် (၆) ခုတို့တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင် မြန်မာနိုင်ငံအပေါ် အကဲဖြတ်ဆန်းစစ်ခြင်း (Validation) မှ ရရှိလာသည့် ပြုပြင်ရမည့်လုပ်ငန်းစဉ်များ (Corrective Actions) ကိုလည်း အချိန်နှင့်တပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် MEITI သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များ နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးတို့အနေဖြင့် အဓိကအကျိုးဆက်စပ်ပတ်သက်သူများ၊ MEITI ဦးဆောင်ကော်မတီ နှင့် လုပ်ငန်းကော်မတီ တို့အကြား နီးနီးကပ်ကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

MEITI သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့၏ လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒရေးဆွဲရာတွင် နှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတို့တွင် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အစည်းများ နှင့် အဓိကအကျိုးဆက်စပ်ပတ်သက်သူများအား ခိုင်မာအားကောင်းလာစေရန် အလွန်အရေးကြီးပါတယ်။ MEITI ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံ (Governance Structure) နှင့် လုပ်ပိုင်ခွင့်အာဏာကို သေချာစေရေး အတွက် ထပ်မံ၍ ကြိုးပမ်းအားထုတ်မှုများကို ဆောင်ရွက်မည်ဖြစ်သလို ကဏ္ဍမျိုးစုံ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၏ အကောင်အထည်ဖော် မှုတွင် ချိတ်ဆက်၍ ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဥပမာအားဖြင့် ညှိနှိုင်းရေးမှူးရုံး၏ လုပ်ပိုင်ခွင့် နှင့် တာဝန်ဝတ္တရားများ နှင့် လုပ်ငန်းအစီအစဉ်တို့ကို ယင်းချိတ်ဆက်မှုတို့အတိုင်း ထပ်မံပြုပြင်မွမ်းမံ လျက်ရှိပါသည်။

အစည်းအဝေးများကျင်းပပေးခြင်းလုပ်ငန်းကိုသာ ညှိနှိုင်းရေးမှူးရုံး၏ စွမ်းဆောင်မှုဟု သတ်မှတ် ဖော်ပြ၍ မရနိုင်ပါ။ အစိုးရ မှ အရပ်ဘက်အဖွဲ့အစည်းများအထိ အကျိုးဆက်စပ်ပတ်သက်သူ အုပ်စုအမျိုးမျိုးရှိနေသည့် အတွက် MEITI-NCS အနေဖြင့် ယင်းအဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်၍ မျှဝေထားသည့်ဘုံ ရည်မှန်းချက်တစ်ခုသို့ ရောက်ရှိရေး မဆောမပန်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း လုပ်ငန်းစဉ်အပေါ် အတွေးအမြင်မတူသည့် အချို့သော သူများရှိသေးသလို ထပ်မံ၍ ကိုင်တွယ်ဖြေရှင်းရန်လည်း လိုအပ်လျက်ရှိပါတယ်။ ယင်းသို့ရှိနေခြင်းသည် တိုးတက်မှုမရှိဟု ပြော၍ မရဘဲ တစ်ဦးချင်းဆီ၏ အတွေးအမြင်များအား သတ်မှတ်ဖော်ထုတ်၍ ဖြေရှင်းရန်လိုအပ်နေခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် EITI ဘုတ်အဖွဲ့မှ ပေးအပ်ထားသည့် "၂၀၁၉ နှင့် နောက်ပိုင်းနှစ်များ၌ ကုမ္ပဏီများနှင့် အစိုးရစနစ်များတွင် EITI လုပ်ငန်းစဉ်အား ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဆင့်များ ပါဝင်သည့် ကုန်ကျစရိတ် လုပ်ငန်းအစီအစဉ်ကို တွက်ချက်ရန်" ဆိုသည့် အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ပြောင်းလဲရန် လိုအပ်ခြင်းကို ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုသလို စနစ်ကျသော ဖွင့်ဟဖော်ထုတ်ခြင်း (Systematic Disclosure) ကို တိုးမြှင့်ဖော်ဆောင်နိုင်ရေးအတွက် EITI အစီရင်ခံစာများရေးသားနေခြင်းမှသည် လုပ်ငန်းစဉ်၊ ဖွဲ့စည်းတည်ဆောက်ပုံ နှင့် စနစ်အတွင်း ပြုပြင်ပြောင်းလဲမှုများပြုလုပ်နိုင်ရေး အထောက်အကူပြုပေးသွားမည်ဖြစ်ပါသည်။ ယင်းအလေ့အထကို မွေးမြူပေးခြင်း နှင့် ထောက်ခံ အားပေးခြင်းတို့ကိုလည်း ပြုလုပ်ရန် လိုအပ်နေပါသေးသည်။ ယင်းအတွက် ကြိုးပမ်းအားထုတ်မှုများသည် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အမျိုးသားအဆင့်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကို ဦးစားပေးဖော်ပြထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခို င်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း" အား အကောင်အထည်ဖော်မှုကို အားကောင်းစေ မည်ဖြစ်ပါသည်။ ထိုသို့အားကောင်းစေရေး အစိုးရဝန်ကြီးဌာနများ နှင့် အေဂျင်စီများအကြား ထိရောက်စွာချိတ်ဆက်ဆောင်ရွက်နိုင်ရေးကို အစိုးရ၏ အမျိုးသားအဆင့် ပိုင်ဆိုင်မှု နှင့် ကြီးကြပ်အုပ်ချုပ်မှုတို့မှ မောင်းနှင်အားကောင်းအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတစ်ကာ EITI ဘုတ်အဖွဲ့အနေဖြင့် EITI လုပ်ငန်းစဉ်အပေါ် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများဖြစ်သည့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာသောသဘော တရားများ အပေါ်အခြေတည်ထားသော MEITI ၏ အကောင်အထည်ဖော်မှုလုပ်ငန်းအစီအစဉ်ကို အသိအမှတ်ပြု ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် သက်ဆိုင်ရာအကျိုးဆက်စပ်ပတ်သက်သူများ နှင့် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသလို ရေနံ နှင့် သဘာဝဓါတ်ငွေ့၊ သတ္တု၊ ကျောက်စိမ်း ကျောက်မျက် နှင့် သစ်တောကဏ္ဍတို့တွင် ပြုပြင်ပြောင်းလဲမှု များကိုလည်း နိုင်ငံတကာမှ EITI ဆောင်ရွက်နေ သည့် ပြည်သူများနှင့် အတူ ဆောင်ရွက်လျက်ရှိ ကြောင်း တင်ပြအပ်ပါသည်။

နိုင်ငံတကာမှ အစုအဖွဲ့များအား ကြိုဆိုလျက် အားလုံး၏ ထောက်ပံ့မှုကိုလည်း လိုလားလျက်ရှိ ပါကြောင်း။